Group Legal Department

# NEWSLETTER

## အမှတ်တံဆိပ် ကာကွယ်ခြင်း

ကန့်ကွက်ခြင်းနှင့် ခုခံခြင်း

အမှတ်တံဆိပ်ဆိုတာ မိမိ၏ ထုတ်ကုန်/ဝန်ဆောင်မှုကို အခြားသူ၏ တူညီသော ထုတ်ကုန်/ဝန်ဆောင်မှု ကနေ ခွဲခြားနိုင်အောင် အသုံးပြုသော အမှတ်သင်္ကေတကို ခေါ်တယ်ဆိုတာ သိပြီးဖြစ်ပါလိမ့်မယ်။

မိမိမှာ အမှတ်တံဆိပ်တစ်ခုပိုင်ဆိုင်ပြီ ဆိုပါစို့။ ဤအမှတ်တံဆိပ်ကို ဘယ်လိုစီမံဆောင်ရွက်မလဲဆိုတာ စဉ်းစားထားဖို့လိုပါတယ်။ အမှတ်တံဆိပ်တစ်ခုဟာ စီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုတွေအတွက် အသုံးပြုသော သင်္ကေတဖြစ်သလို ၎င်းအမှတ်တံဆိပ်ကိုယ်တိုင် ငွေကြေးအဖြစ် ပေါ်ပေါက်လာအောင် လုပ်ဆောင်နိုင်သော စီးပွားရေးပိုင်ဆိုင်မှုတစ်ခုဖြစ်ပါတယ်။ မိမိအမှတ်တံဆိပ်တစ်ခုရဲ့ တန်ဖိုးဟာ ငွေကြေးဆိုင်ရာတန်ဖိုးလည်းရှိသလို၊ သိမြင်ခံစားမှုဆိုင်ရာ တန်ဖိုးလည်းရှိပါတယ်။ အမှတ်တံဆိပ်တစ်ခု၏ ငွေကြေးဆိုင်ရာတန်ဖိုးဆိုတာ အမှတ်တံဆိပ်နှင့်ပတ်သက်သည့် ဝင်ငွေ အမြတ်အစွန်း၊ ဈေးကွက်ဝေစုတွေနဲ့ အမှတ်တံဆိပ်အတွက် စိုက်ထုတ်ထားတဲ့ ကုန်ကျစရိတ်တွေ အားလုံးပါဝင်ပါတယ်။ အမှတ်တံဆိပ်တစ်ခု၏ သိမြင်ခံစားမှုဆိုင်ရာတန်ဖိုးဆိုတာ မိမိအမှတ်တံဆိပ်ကို ဝယ်ယူစားသုံးသူတို့၏ သုံးသပ်ရှုမြင်မှုပင် ဖြစ်ပါတယ်။ ဝယ်ယူစားသုံးသူများ၏ အသိအမှတ်ပြုမှု၊ စွဲလန်းနှစ်ခြိုက်မှု (အမြဲဝယ်ယူအားပေးမှု)၊ စားသုံးသူနှင့် အမှတ်တံဆိပ်ကြား စိတ်ခံစားမှုဆက်နွယ်မှုတွေပင်ဖြစ်ပါတယ်။ စားသုံးသူနှင့် အမှတ်တံဆိပ်ကြား စိတ်ခံစားမှုဆက်နွယ်လာလေလေ၊ အမှတ်တံဆိပ်က စားသုံးသူတွေအပေါ် ပိုမိုလွှမ်းမိုးလာနိုင်ပြီး အမှတ်တံဆိပ်၏ ဂုဏ်သတင်းကျော်စောမှု ကြီးမားလာလေလေဖြစ်ပါတယ်။ ထိုသို့ဖြစ်လာပြီဆိုလျှင် အမှတ်တံဆိပ်တန်ဖိုးကလည်း ကြီးမားလာပါတော့တယ်။ ဤမျှလောက် တန်ဖိုးတက်လာနိုင်သော အမှတ်တံဆိပ်ကို ဘယ်လို ကာကွယ်ထိန်းသိမ်းကြမလဲဆိုတာကို အစီအစဉ်တကျ စီမံဆောင်ရွက်ကြဖို့ လိုပါတယ်။ အမှတ်တံဆိပ်တစ်ခု ဈေးကွက်ဝေစုများများရလာအောင် ကြိုးစားကြရမှာဖြစ်သလို ဈေးကွက်တွင်း ဆင်တူယိုးမှားအမှတ်တံဆိပ်များ မပေါ်ပေါက်လာအောင်လည်း ကာကွယ်ဟန့်တားဖို့ လိုပါတယ်။ ထို့ကြောင့် မိမိ၏ အမှတ်တံဆိပ်ကို ဥပဒေအရ မှတ်ပုံတင်ထားဖို့ လိုသလို ဆင်တူယိုးမှား အမှတ်တံဆိပ်များကိုလည်း ကန့်ကွက်ခြင်း၊ ခုခံခြင်းများ၊ ဥပဒေအရ တားမြစ်ခြင်းများ ပြုလုပ်ပြီး မိမိ၏ အမှတ်တံဆိပ်ကို ကာကွယ်ရမည်ဖြစ်ပါတယ်။

ကာကွယ်ခြင်းနည်းဗျူဟာတွင် နှစ်မျိုးရှိပါတယ်။ ခုခံကာကွယ်တဲ့နည်းနှင့် တက်ကြွစွာတွန်းတိုက်ကာကွယ်တဲ့နည်းလမ်းနှစ်မျိုးရှိပါတယ်။ ခုခံကာကွယ်တဲ့နည်းမှာ ဥပဒေအရ အပ်နှင်းထားသော အခွင့်အရေးကို ခိုင်မာအောင်ပြုလုပ်ပြီး အခြားသူများက မိမိ၏ အခွင့်အရေးကို အားနည်းအောင် ပြုလုပ်ခြင်း၊ မိမိ၏ အခွင့်အရေးအပေါ် အမြတ်ထုတ်ခြင်းများ မဖြစ်အောင် ဥပဒေ၏ အကာအကွယ်ကို ရယူသောနည်း ဖြစ်ပါတယ်။ တက်ကြွစွာ တွန်းတိုက်ကာကွယ်တဲ့နည်းလမ်းမှာ ဈေးကွက်မှာ အကျိုးများများရရှိအောင် မိမိ၏ အခွင့်အရေးကို တက်တက်ကြွကြွ ကျင့်သုံးခြင်းပင်ဖြစ်ပါတယ်။ ဤနည်းလမ်းတွင် အကာအကွယ်ကို ချဲ့ထွင်ယူခြင်း၊ ဥပဒေအကာအကွယ်ကို ပြင်းပြင်းထန်ထန် ကျင့်သုံးခြင်း၊ ဈေးကွက်မှာ ပြိုင်ဖက်များကို ဟန့်တားပိတ်ဆို့ခြင်းတို့ ပါဝင်ပါတယ်။

ဤနေရာတွင် ခုခံကာကွယ်တဲ့ နည်းလမ်းကို တင်ပြဆွေးနွေးလိုပါတယ်။ ဤနည်းလမ်းတွင် ဆင်တူယိုးမှား အမှတ်တံဆိပ်များကို ရနိုင်တဲ့အရင်းအမြစ်များကို အသုံးပြုပြီး ရှာဖွေခြင်း ဆောင်ရွက်ရမှာဖြစ်ပြီး ဆင်တူယိုးမှားအမှတ်တံဆိပ်တွေ့ရှိလာပါက မိမိဘက်မှ စတင်၍ ကန့်ကွက်ခြင်း၊ တခြားသူ၏ ကန့်ကွက်ခြင်းကို ပြန်လည်ချေပခြင်းစသည့် နည်းလမ်းတို့ဖြင့် မိမိတို့၏ အမှတ်တံဆိပ်ဆိုင်ရာ တစ်ဦးတည်းကျင့်သုံးခွင့် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ ကန့်ကွက်ခြင်းနှင့် ပြန်လည်ချေပခြင်း လုပ်ဆောင်ချက်သည် မူပိုင်ခွင့်ရုံး၏ အမှတ်တံဆိပ်စစ်ဆေးခြင်းလုပ်ငန်းစဉ်ထဲတွင်ပါဝင်ပြီး မူပိုင်ခွင့်ရုံး၏ လစဉ်ထုတ်ပြန်ချက်ပေါ်မှာ မူတည်၍ ဆောင်ရွက်ရပါတယ်။ ဈေးကွက်ထောက်လှမ်းမှုမှ တွေ့ရှိရသော ဆင်တူယိုးမှားအမှတ်တံဆိပ်များကို အခြားသော နည်းလမ်းဖြင့် ဟန့်တားရမည်ဖြစ်ပါတယ်။ ညှိနှိုင်းဆွေးနွေးခြင်းနည်းဖြင့်သော်လည်းကောင်း၊ တရားဥပဒေကို ကျင့်သုံးခြင်းဖြင့်သော်လည်းကောင်း မိမိ၏အမှတ်တံဆိပ်ကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါတယ်။

မိမိတို့နိုင်ငံတွင် လတ်တလောကျင့်သုံးလျက်ရှိသည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်ခြင်းစနစ်ကို အနည်းငယ် စူးစမ်းဖို့လိုပါတယ်။ မိမိတို့နိုင်ငံသည် ကုန်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ ကျင့်သုံးသည့် စနစ်အကူးအပြောင်းကာလကို ဖြတ်သန်းလျက်ရှိသည်ကို သတိချပ်သင့်ပါတယ်။ ယခင်က ဦးစွာသုံးစွဲသူကသာ အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ပိုင်ဆိုင်ခွင့်ရှိသည့် စနစ်ကို ကျင့်သုံးခဲ့ပါတယ်။ ယခုအခါ ဦးစွာလျှောက်ထားသူကသာ အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ပိုင်ဆိုင်ခွင့်ရှိသည့် စနစ်ကို ပြောင်းလဲအသုံးပြုနေပါတယ်။ ထိုအကူးအပြောင်းကာလတွင် ယခင်စနစ်ဟောင်းတွင် အကျုံးဝင်ခဲ့သည့် အမှတ်တံဆိပ်ဟောင်းများကို ပြန်လည်မှတ်ပုံတင်စေပြီး သုံးစွဲသည့်အခွင့်အရေးကို မူပိုင်ခွင့်ရုံး တရားဝင် ဖွင့်လှစ်ခဲ့သည့် ၂၀၁၃ ခုနှစ်မှ ငါးနှစ်ထိသာ အချိန်အကန့်အသတ်ဖြင့် ခံစားခွင့်ပြုထားပါတယ်။ သုံးစွဲသည့်အခွင့်အရေး ရယူပိုင်ဆိုင်ဖို့ဆိုသည်မှာ အမှတ်တံဆိပ်ဟောင်းအား မှတ်ပုံတင်ခွင့် ရရှိမှသာ ထိထိရောက်ရောက် ခံစားခွင့်ရှိမည်ဖြစ်ပါတယ်။ ယခင်ကျင့်သုံးခဲ့သော စနစ်၏ အားနည်းချက်ကြောင့် ဈေးကွက်တွင် ဆင်တူယိုးမှား အမှတ်တံဆိပ်များစွာ တည်ရှိနိုင်ပါတယ်။ အမှတ်တံဆိပ်၏ အခွင့်အရေးရယူနိုင်ရန် အားပြိုင်မှုများ ပြင်းထန်သည့်ကာလကို ဖြတ်သန်းနေရမည်ဟု ယူဆမိပါတယ်။ ဤနေရာတွင် အမှတ်တံဆိပ်ဟောင်းဟု သတ်မှတ်နိုင်ဖို့ရာ ထိုအမှတ်တံဆိပ်ကို ဈေးကွက်တွင် အမှန်တကယ် အသုံးပြုခဲ့သည်ဆိုသော အချက်သည် အရေးကြီးပါတယ်။ တကယ်သုံးစွဲကြောင်းနှင့် ဦးစွာသုံးစွဲကြောင်း တစ်ဦးနှင့် တစ်ဦးအငြင်းပွားရာတွင် သက်ဆိုင်သည့် အထောက်အထားများ တင်ပြနိုင်ခြင်းသည် အရေးကြီးသော အချက်ဖြစ်ပါတယ်။ မိမိတို့၏ အထောက်အထားတင်ပြမှု ခိုင်မာလေလေ မိမိ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုအားကောင်းလေလေဖြစ်ပါတယ်။ အမှတ်တံဆိပ်ပါသော၊ ရက်စွဲများပါသော သက်သေအဖြစ် တင်ပြနိုင်သော အထောက်အထားများ စုဆောင်းထားခြင်းဖြင့် အငြင်းပွားမှု ဖြစ်ပေါ်လာပါက မြန်ဆန်ထိရောက်သော မှတ်ပုံတင်ခြင်းစနစ်ကို အထောက်အပံ့ ဖြစ်ပါမည်။ ထိုသို့မဟုတ်ပါက လုပ်ငန်းစဉ် ကြန့်ကြာခြင်း၊ မိမိတို့ အခွင့်အရေး ဆုံးရှုံးခြင်းများ ကြုံနိုင်ပါတယ်။

Group Legal Department

# NEWSLETTER

နောက်ထပ်အရေးကြီးသောအချက်မှာ ကန့်ကွက်ခြင်းလုပ်ငန်းစဉ်တွင် ကျော်ကြားအမှတ်တံဆိပ်အဖြစ် ရယူနိုင်ခြင်း အခွင့်အရေးရှိနေပါတယ်။ မိမိကဖြစ်စေ၊ မိမိ၏ ပြိုင်ဖက်မှဖြစ်စေ တောင်းဆိုလျှောက်ထားခွင့် ရှိပါတယ်။ ကျော်ကြားအမှတ်တံဆိပ်၏ အားသာချက်သည် အမျိုးအစားမတူသည့် ထုတ်ကုန်/ဝန်ဆောင်မှုပေါ်ထိ ကန့်သတ်နိုင်ခြင်းပင် ဖြစ်ပါတယ်။ သာမန်အမှတ်တံဆိပ်တစ်ခုသည် ဆင်တူယိုးမှား အမှတ်တံဆိပ်နှင့် ဆင်တူယိုးမှား ထုတ်ကုန်/ဝန်ဆောင်မှု ဖြစ်မှသာ အကာအကွယ်ရရှိခံစားနိုင်ပြီး ကျော်ကြားအမှတ်တံဆိပ်သည် မှတ်ပုံတင်သည်ဖြစ်စေ၊ မှတ်ပုံမတင်သည်ဖြစ်စေ ဆင်တူယိုးမှားအမှတ်တံဆိပ်ဖြစ်ရုံဖြင့် အမျိုးအစားခေါင်းစဉ်တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ထုတ်ကုန်ဆင်တူယိုးမှား ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ အကာအကွယ်ခံစားခွင့် ရှိပါတယ်။ မူပိုင်ခွင့်ဥပဒေတွင် ကျော်ကြားအမှတ်တံဆိပ်နှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို ထည့်သွင်းပြဋ္ဌာန်းထားသော်လည်း အတိအကျဖြစ်သည်ဟု မဆိုထားပါ။ ပြဋ္ဌာန်းချက်များသည် ပြုလွယ်ပြောင်းလွယ်သော သဘောရှိသည်။ ထို့ကြောင့် တင်ပြသော သက်သေအထောက်အထားများ၏ ခိုင်မာအားကောင်းမှုသည် လွန်စွာအရေးပါပါတယ်။ ကျော်ကြားအမှတ်တံဆိပ်ဖြစ်နိုင်ရန် ၎င်းအမှတ်တံဆိပ်နှင့်ပတ်သက်သည့် ဝင်ငွေပမာဏ၊ ဈေးကွက်ဝေစုပမာဏ၊ လူသိများကျော်ကြားအောင် ပြုလုပ်ထားသော အမှတ်တံဆိပ် ကြော်ငြာ (အကြိမ်အရေအတွက်၊ ကာလ၊ သုံးစွဲစရိတ်)၊ ဈေးကွက်မိတ်ဆက်နှင့် ဈေးကွက်မြှင့်တင်ခြင်းဆိုင်ရာ အထောက်အထားများ၊ စားသုံးသူများ၏ အသိအမှတ် ပြုမှု စစ်တမ်း စသည့် အထောက်အထားများ လိုအပ်ပါတယ်။

အမှတ်တံဆိပ်ကာကွယ်ခြင်းလုပ်ငန်းစဉ်သည် အစဉ်အားစိုက် ပြုလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး နည်းဗျူဟာကျင့်သုံးခြင်း၊ စားသုံးသူ အမြင်သဘောထားများ ကောက်ခံခြင်း အပါအဝင် သက်ဆိုင်ရာ စာရွက်စာတမ်းများ ထိန်းသိမ်းထားခြင်း၊ မှတ်တမ်းများထားရှိခြင်း၊ ဆင်တူယိုးမှားအမှတ်တံဆိပ်များ ရှာဖွေခြင်း၊ ချိုးဖောက်သော အမှတ်တံဆိပ်များ ရှိမရှိ ဈေးကွက်စုံစမ်းထောက်လှမ်းခြင်း၊ ဥပဒေ၏ အကာအကွယ် ရရှိနိုင်ရန် မှတ်ပုံတင်ခြင်းစသည့် များစွာသော လုပ်ငန်းများကို လုပ်ဆောင်နေရမည်ဖြစ်ပါတယ်။ ထို့ကြောင့် မိမိတို့ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် အမှတ်တံဆိပ် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ ဈေးကွက်မြှင့်တင်ခြင်း၊ အမှတ်တံဆိပ်ကို လူသိများထင်ရှားအောင် ဆောင်ရွက်ခြင်းများကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မှသာ အောင်မြင်သော အမှတ်တံဆိပ်တစ်ခု တည်ထောင်နိုင်ပြီး ကောင်းစွာကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။